ပြည်ထောင်စုမြန်မာနိုင်ငံတော်

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့

# ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေးဥပဒေ

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့

# ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေးဥပဒေ

( နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၁/၉၅ )

၁၃၅၆ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၅ ရက်

( ၁၉၉၅ ခုနှစ်၊ မတ်လ ၂၀ ရက် )

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် အောက်ပါ ဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)

## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေး ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင် ပါရှိသော အောက်ပါ စကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်—

(က) ကူးစက်ရောဂါ ဆိုသည်မှာ လူတစ်ဦးမှ တစ်ဦးသို့လည်းကောင်း၊ တိရစ္ဆာန်မှ လူသို့လည်းကောင်း ကူးစက်တတ်သောရောဂါကို ဆိုသည်၊

(ခ) အဓိက ကူးစက်မြန်ရောဂါ ဆိုသည်မှာ ကာလဝမ်းရောဂါ၊ ပလိပ်ရောဂါ၊ သွေးလွန်တုပ်ကွေးရောဂါ၊ ခုခံအားကျဆင်းမှု ရောဂါ တို့ကို ဆိုသည်။ ယင်းစကားရပ်တွင် ကျန်းမာရေး ဝန်ကြီးဌာနက အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ အဓိက ကူးစက်မြန်ရောဂါအဖြစ် သတ်မှတ်သည့် ကူးစက်ရောဂါများလည်း ပါဝင်သည်၊

(ဂ) တိုင်ကြားရမည့်ကူးစက်ရောဂါ ဆိုသည်မှာ ရောဂါဖြစ်ပွားကြောင်း သိရှိပါက သက်ဆိုင်ရာသို့ ချက်ချင်းတိုင်ကြားရန် ကျန်းမာရေး ဝန်ကြီးဌာနက အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ သတ်မှတ်သည့် ကူးစက်ရောဂါကိုဆိုသည်၊

(ဃ) အညစ်အကြေး ဆိုသည်မှာ အမှိုက်သရိုက်၊ စားကြွင်းစားကျန်၊ မိလ္လာ၊ ရေပုပ်၊ ရေစပ်၊ စက်ဆုပ်ဖွယ်ရှိသည့် အရာ၊ လူသေအလောင်း သို့မဟုတ် တိရစ္ဆာန် အသေကောင်ကို ဆိုသည်၊

(င) အစားအသောက် ဆိုသည်မှာ အသီးအနှံ၊ ဟင်းသီးဟင်းရွက်၊ အသား၊ ငါး၊ ချက်ပြုတ် ပြုပြင်ရောင်းချသော အစားအစာ၊ အဖျော်ယမကာ၊ စည်သွတ်ဘူးနှင့် လူတို့စားသုံးသည့် အခြား အစားအစာများကိုဆိုသည်၊

(စ) ကျန်းမာရေးအရာရှိ ဆိုသည်မှာ ဤဥပဒေပါ ကျန်းမာရေး အရာရှိ၏ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရန် တာဝန်ပေးအပ်ခြင်း ခံရသော ကျန်းမာရေးဦးစီးဌာနမှ အရာရှိကိုဆိုသည်။ ယင်းစကားရပ်တွင် ကျန်းမာရေးဝန်ကြီးဌာနက သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းပြီး ကျန်းမာရေးအရာရှိ၏ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရန် တာဝန်ပေးအပ်ခြင်းခံရသော အခြားအစိုးရဌာန၊ အဖွဲ့အစည်းမှ အရာရှိများလည်း ပါဝင်သည်၊

(ဆ) ကျန်းမာရေးဝန်ထမ်း ဆိုသည်မှာ ကျန်းမာရေး အရာရှိက တာဝန်ပေးအပ်သောဝန်ထမ်းကို ဆိုသည်၊

(ဇ) တိုင်းရင်းဆေးဆရာ ဆိုသည်မှာ ဒေသနာနယ၊ ဘေသဇ္ဇနယ၊ နက္ခတ္တဗေဒနယနှင့် ဝိဇ္ဇာဓရနယ တည်းဟူသောနယကြီးလေးပါးအနက် တစ်ပါးပါးကို အခြေခံ၍ ဆေးကုသလျက်ရှိသော သူတစ်ဦးဦးကို ဆိုသည်။

## အခန်း (၂)

## ကြိုတင်ကာကွယ်ခြင်း

၃။ ကျန်းမာရေးဦးစီးဌာနသည် ကူးစက်ရောဂါ ဖြစ်ပွားခြင်းမှ ကြိုတင်ကာကွယ်နိုင်ရန် အောက်ပါလုပ်ငန်းတို့ကို စီမံကိန်းများ ချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်ရမည်—

(က) ကလေး သူငယ်များအား ကာကွယ်ဆေး ထိုးခြင်း၊ ကာကွယ်ဆေးတိုက်ကျွေးခြင်း၊

(ခ) လိုအပ်ပါက အရွယ်ရောက်သူများကိုပါ ကာကွယ်ဆေး ထိုးခြင်း၊ ကာကွယ်ဆေးတိုက်ကျွေးခြင်း၊

(ဂ) ကူးစက်ရောဂါဆိုင်ရာကျန်းမာရေးပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်း။

၄။ အဓိကကူးစက်မြန်ရောဂါ သို့မဟုတ် တိုင်ကြားရမည့် ရောဂါ ဖြစ်ပွားသည့်အခါ—

(က) ကျန်းမာရေး ဦးစီးဌာနသည် ရောဂါ ကူးစက်ပျံ့နှံ့မှုကို နှိမ်နင်းရန် အများပြည်သူတို့အား ကာကွယ်ဆေး ထိုးခြင်းနှင့် အခြားလိုအပ်သော အစီအမံများ ချမှတ် ဆောင်ရွက်ခြင်းပြုရမည်၊

(ခ) အများပြည်သူတို့သည် ပုဒ်မခွဲ (က) အရ ကျန်းမာရေး ဦးစီးဌာန၏ ဆောင်ရွက်ချက်ကို လိုက်နာရမည်။

## အခန်း (၃)

### ကျန်းမာရေးအရာရှိ၏ လုပ်ငန်းတာဝန်များ

၅။ ကျန်းမာရေးအရာရှိသည် မိမိတာဝန်ကျရာ နယ်မြေဒေသအတွင်း အဓိက ကူးစက်မြန်ရောဂါ သို့မဟုတ် တိုင်ကြားရမည့် ကူးစက်ရောဂါ ဖြစ်ပွားသည့်အခါ အောက်ပါတို့ကို ဆောင်ရွက်ရမည်—

(က) ရောဂါဖြစ်ပွားရာ နေအိမ်၊ အစားအသောက် ထုတ်လုပ်ရောင်းချသည့် အလုပ်ရုံ၊ စက်ရုံ၊ အလုပ်ဌာန၊ ဈေးနှင့်ဆိုင်များ၊ အခြားလိုအပ်မည့် နေအိမ်များ၊ ဥပစာများ၊ နေရာများ၊ အဆောက်အအုံများကို ဝင်ရောက်စစ်ဆေး၍ သန့်ရှင်းရေးနှင့် အခြားလိုအပ်သည့် လုပ်ငန်းများကို ဆောင်ရွက်စေခြင်း၊

(ခ) ပုဒ်မခွဲ(က) ပါနေရာများနှင့် ယင်းနေရာများအတွင်းရှိ ပစ္စည်းများ၊ အဝတ်အထည်များ၊ ပန်းကန်ခွက်ယောက်များ၊ အခြား လူသုံးပစ္စည်းများကို ရောဂါပိုးသုတ်သင်ရေး လုပ်ငန်းများ ဆောင်ရွက်စေခြင်း၊

(ဂ) မီးရထား၊ မော်တော်ယာဉ်၊ လေယာဉ်၊ ရေယာဉ်နှင့် အခြားယာဉ်များကို ရောဂါပိုးသုတ်သင်ရေးလုပ်ငန်းများ ဆောင်ရွက်စေခြင်း၊

(ဃ) ရေတွင်း၊ ရေကန်များကို ရောဂါပိုး သန့်စင်စေသော ဆေးခတ်စေခြင်း၊

(င) ရောဂါကူးစက်စေသည့် သို့မဟုတ် ရောဂါပိုး သယ်ဆောင်သည့် တိရစ္ဆာန်များကို သုတ်သင်စေခြင်း၊

(စ) အဓိက ကူးစက်မြန်ရောဂါဖြင့် သေဆုံးသော လူသေအလောင်းမှ တစ်ဆင့် ရောဂါကူးစက်ခြင်း မရှိစေရန် ဆောင်ရွက်စေခြင်း၊

(ဆ) ပုဒ်မ ၁၄ အရ တားမြစ်ပိတ်ပင်သည့် သို့မဟုတ် ကန့်သတ်သည့်အမိန့် ထုတ်ပြန်နိုင်ရန် သက်ဆိုင်ရာ လုပ်ပိုင်ခွင့်အပ်နှင်းခြင်း ခံရသောအဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်ထံသို့ အဓိက ကူးစက်မြန်ရောဂါနှင့် စပ်လျဉ်းသည့် အခြေအနေအရပ်ရပ်ကို တင်ပြ အစီရင်ခံခြင်း၊

(ဇ) လူများစားသုံးရန်မသင့်သော အစားအသောက်များကို ပိတ်ပင်ရန် သို့မဟုတ် ဖျက်ဆီးရန် ညွှန်ကြားခြင်း၊

(ဈ) အဓိကကူးစက်မြန်ရောဂါ ဖြစ်ပွား ကူးစက်ပျံ့နှံ့စေသော သို့မဟုတ် ဖြစ်ပွား ကူးစက် ပျံ့နှံ့စေသည်ဟု သံသယဖြစ်ဖွယ်ရာရှိသော အစားအသောက်များကို ဖျက်ဆီးရန် သို့မဟုတ် ရောင်းချခြင်း မပြုရန် သော်လည်းကောင်း၊ ယင်းအစားအသောက်များကို ထုတ်လုပ် ရောင်းချသော အလုပ်ရုံ၊ စက်ရုံ၊ အလုပ်ဌာန၊ ဈေး သို့မဟုတ် ဆိုင်ကို ပိတ်စေရန်သော်လည်းကောင်း ညွှန်ကြားခြင်း၊

(ည) သောက်သုံးရေ ပေးဝေရေး လုပ်ငန်းနှင့် အဝတ်လျှော် လုပ်ငန်းများကို စစ်ဆေး၍ ယင်းလုပ်ငန်းများမှ တစ်ဆင့် ရောဂါ ကူးစက်ပျံ့နှံ့ကြောင်း ထင်ရှားလျှင် ယင်းလုပ်ငန်း များကို ပိတ်စေရန် ညွှန်ကြားခြင်း။

၆။ ကျန်းမာရေး အရာရှိသည် မိမိ ဆောင် ရွက် ရမည့် သို့ မ ဟုတ် ဆောင်ရွက်ခွင့်ရှိသည့် လုပ်ငန်းတာဝန်များကို ကျန်းမာရေးဝန်ထမ်းအား လွှဲအပ်၍ ဆောင်ရွက်စေနိုင်သည်။

၇။ ကျန်းမာရေးအရာရှိသည် ပုဒ်မ ၅ ပါ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာတွင် သက်ဆိုင်ရာ နယ်မြေဒေသရှိ အစိုးရဌာနနှင့် အခြား အ ဖွဲ့ အ စည်း များ မှ သင့် လျော် သော ပုဂ္ဂိုလ် များ ၏ ပူး ပေါင်း ဆောင်ရွက်မှုကို ရယူရမည်။

## အခန်း (၄)

## ပတ်ဝန်းကျင်သန့်ရှင်းရေးဆောင်ရွက်ခြင်း

၈။ ကူးစက်ရောဂါဖြစ်ပွားခြင်းမှ ကြိုတင်ကာကွယ်နိုင်ရန်နှင့် ကူးစက် ရောဂါ ဖြစ်ပွားသည့်အခါ ထိရောက်စွာ နှိမ်နင်းနိုင်ရန် အများပြည်သူတို့ သည် သက်ဆိုင်ရာနယ်မြေဒေသရှိ ကျန်းမာရေးအရာရှိ၏ ကြီးကြပ်ကွပ်ကဲ မှုဖြင့် အောက်ပါ ပတ်ဝန်းကျင်သန့်ရှင်းရေးဆိုင်ရာ လုပ်ငန်းများကို ဆောင်ရွက်ရန် တာဝန်ရှိသည်—

(က) အိမ်တွင်း၊ အိမ်ပြင် သို့မဟုတ် ခြံတွင်း၊ ခြံပြင်သန့်ရှင်းရေး၊

(ခ) ရေတွင်း၊ ရေကန်နှင့် ရေမြောင်းများ သန့်ရှင်းရေး၊

(ဂ) အ ညစ် အ ကြေး များ ကို ကျန်း မာ ရေး နှင့် ညီ ညွတ် စွာ သိမ်းဆည်းစွန့်ပစ်ရေး၊ မီးရှို့ဖျက်ဆီးရေး၊

(ဃ) ယင် လုံ အိမ် သာ များ ဆောက် လုပ် ရေး၊ ယင်းအိမ်သာ များကို သန့်ရှင်းစွာထားရှိသုံးစွဲရေး၊

(င) အခြားလိုအပ်သော ပတ်ဝန်းကျင် သန့်ရှင်းရေးဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်ရေး။

## အခန်း (၅)

## ကူးစက်ရောဂါဖြစ်ပွားကြောင်း တိုင်ကြားခြင်း

၉။ အိမ်ထောင်ဦးစီး သို့မဟုတ် အိမ်ထောင်စုဝင် တစ်ဦးဦးသည် အောက်ပါကိစ္စတစ်ရပ်ရပ် ဖြစ်ပွားကြောင်း သိရှိပါက အနီးစပ်ဆုံး ကျန်းမာရေးဌာန သို့မဟုတ် ဆေးရုံသို့ ချက်ချင်းတိုင်ကြားရမည်—

(က) ကြွက်ကျခြင်း၊

(ခ) အစိုကကူးစက်မြန် ရောဂါဖြစ်ပွားခြင်း၊

(ဂ) တိုင်ကြားရမည့် ကူးစက်ရောဂါဖြစ်ပွားခြင်း။

၁၀။ တိုင်းရင်းဆေးဆရာများ၊ ကျန်းမာရေးမှူးများ၊ ဆရာဝန်များသည် အဓိကကူးစက်မြန်ရောဂါ သို့မဟုတ် တိုင်ကြားရမည့် ကူးစက်ရောဂါကို ဆေးကုသရာ၌ တွေ့ရှိလျှင် အနီးစပ်ဆုံး ကျန်းမာရေးဌာန သို့မဟုတ် ဆေးရုံသို့ ချက်ချင်းတိုင်ကြားရမည်။

## အခန်း (၆)

## အဓိကကူးစက်မြန် ရောဂါ ဖြစ်ပွားမှုနှင့် စပ်လျဉ်း၍ ဆောင်ရွက်ခြင်း

၁၁။ ကျန်းမာရေးအရာရှိသည် အဓိက ကူးစက်မြန်ရောဂါ ဖြစ်ပွား ပျံ့နှံ့မှုကို ကာကွယ်နှိမ်နင်းနိုင်ရန်အလို့ငှာ အောက်ပါတို့ကို ဆောင်ရွက်နိုင်သည်—

(က) ကူးစက်ရောဂါ ဖြစ်ပွားသူကိုဖြစ်စေ၊ အခြားလိုအပ်သော ပုဂ္ဂိုလ်များကိုဖြစ်စေ စုံစမ်းမေးမြန်းခြင်း၊

(ခ) ကျန်းမာရေးစစ်ဆေးစေခြင်း၊

(ဂ) မစင်၊ ဆီး၊ သလိပ်၊ သွေးနမူနာများရယူ၍ ဓာတ်ခွဲစစ်ဆေးစေခြင်း၊

(ဃ) ဆေးထိုးစမ်းသပ်စေခြင်း၊

(င) အခြားလိုအပ်သော စုံစမ်းစစ်ဆေးမှုများကို ပြုလုပ်ခြင်း။

၁၂။ ကျန်းမာရေးအရာရှိသည် မည်သည့်အစားအသောက်၊ ရေနှင့် အခြားလိုအပ်သော ပစ္စည်းများကိုမဆို ဓာတ်ခွဲစစ်ဆေးနိုင်ရေးအတွက် စီမံဆောင်ရွက်ခွင့်ရှိသည်။

၁၃။ ကျန်းမာရေးအရာရှိသည် အဓိက ကူးစက်မြန်ရောဂါ ဖြစ်ပွားမှု အကြောင်းရင်းကို သက်ဆိုင်ရာကျန်းမာရေးဦးစီးဌာနသို့ ချက်ချင်းတင်ပြ အစီရင်ခံရမည်။

## အခန်း (၇)

## အသွားအလာတားမြစ်ပိတ်ပင်ခြင်း၊ ကန့်သတ်ခြင်း

၁၄။ ကျန်းမာရေးဝန်ကြီးဌာနက လုပ်ပိုင်ခွင့် အပ်နှင်းခြင်း ခံရသော အဖွဲ့အစည်း သို့မဟုတ် အရာရှိသည် အောက်ပါကိစ္စရပ်များအတွက် တားမြစ်ပိတ်ပင်သည့် သို့မဟုတ် ကန့်သတ်သည့် အမိန့်ထုတ်ပြန်နိုင်သည်—

(က) အဓိကကူးစက်မြန်ရောဂါဖြစ်ပွားနေသူအား နေအိမ်မှ ထွက်ခွာသွားလာခွင့်၊

(ခ) အဓိကကူးစက်မြန်ရောဂါဖြစ်ပွားရာ နေအိမ်၊ ရပ်ကွက်၊ ကျေးရွာ သို့မဟုတ် မြို့နယ်အတွင်းရှိသူများကို ပြင်ပသို့ ထွက်ခွာသွားလာခွင့်၊

(ဂ) ပြင်ပမှလူများအား အဓိကကူးစက်မြန်ရောဂါ ဖြစ်ပွားရာ နေအိမ်၊ ရပ်ကွက်၊ ကျေးရွာ သို့မဟုတ် မြို့နယ်အတွင်းသို့ ဝင်ရောက်ခြင်း၊

(ဃ) မီးရထား၊ မော်တော်ယာဉ်၊ လေယာဉ်၊ ရေယာဉ် သို့မဟုတ် အခြားယာဉ်တစ်မျိုးမျိုးဖြင့် ရောက်ရှိလာသူများအနက် အဓိကကူးစက်မြန်ရောဂါဖြစ်ပွားနေသူ ပါရှိလာပါက ယင်းရောဂါ ဖြစ်ပွားနေသူအား ကျန်းမာရေး စစ်ဆေးရန်အလို့ငှာ သီးခြား ထိန်းသိမ်းစောင့်ရှောက်ရန် လိုအပ်သော အချိန်အထိ ပြင်ပသို့ ထွက်ခွာသွားလာခြင်း၊

(င) ပွဲလမ်းသဘင် ကျင်းပနေစဉ် အဓိကကူးစက်မြန်ရောဂါ ဖြစ်ပွားလာပါက အများပြည်သူတို့အား ပွဲလမ်းသဘင် ကျင်းပရာ နေရာသို့ သွားလာခြင်း နှင့် ပွဲလမ်းသဘင်ကို ဆက်လက်ကျင်းပခြင်း။

## အခန်း(၈)

### ပြစ်ဒဏ်များ

၁၅။ မည်သူမဆို ပုဒ်မ ၄ ပုဒ်မခွဲ(က)အရ ကျန်းမာရေးဦးစီးဌာန၏ ဆောင်ရွက်ချက် တစ်စုံတစ်ရာကို လိုက်နာရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား ငွေဒဏ်ကျပ် ၁၀၀၀ အထိ ချမှတ်ရမည်။

၁၆။ မည်သူမဆို ပုဒ်မ ၅ ပုဒ်မခွဲ (ဇ)၊ ပုဒ်မခွဲ (ဈ) သို့မဟုတ် ပုဒ်မခွဲ (ည)အရ ကျန်းမာရေးအရာရှိ၏ ညွှန်ကြားချက်ကို လိုက်နာရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား ထောင်ဒဏ် ၆ လအထိ ဖြစ်စေ၊ ငွေဒဏ် ကျပ် ၁၀၀၀၀ အထိ ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၁၇။ အိမ်ထောင်ဦးစီး သို့မဟုတ် အိမ်ထောင်စုဝင် တစ်ဦးဦးသည် ပုဒ်မ ၉ ပါ ပြဋ္ဌာန်းချက်ကိုဖြစ်စေ၊ တိုင်းရင်းဆေးဆရာ၊ ကျန်းမာရေးမှူး သို့မဟုတ် ဆရာဝန် တစ်ဦးဦးသည် ပုဒ်မ ၁၀ ပါ ပြဋ္ဌာန်းချက်ကို ဖြစ်စေ လိုက်နာရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်း ခံရလျှင် ထိုသူအား ထောင်ဒဏ် ၁ လ အထိဖြစ်စေ၊ ငွေဒဏ် ကျပ် ၅၀၀၀ အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ် ရမည်။

၁၈။ မည်သူမဆို ပုဒ်မ ၁၄ အရ သက်ဆိုင်ရာ အဖွဲ့အစည်း သို့မဟုတ် အရာရှိက ထုတ်ပြန်သော တားမြစ်ပိတ်ပင်သည့် သို့မဟုတ် ကန့်သတ်သည့် အမိန့်ကို ဖောက်ဖျက် ကျူးလွန်ကြောင်း ပြစ်မှု ထင်ရှား စီရင်ခြင်း ခံရလျှင် ထိုသူအား ထောင်ဒဏ် ၆ လအထိဖြစ်စေ၊ ငွေဒဏ် ကျပ် ၁၀၀၀၀ အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

## အခန်း (၉)

### အထွေထွေ

၁၉။ ၁၉၇၂ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံ ပြည်သူ့ကျန်းမာရေးဆိုင်ရာ ဥပဒေတွင် မည်သို့ပင် ပြဋ္ဌာန်းပါရှိစေကာမူ ကူးစက်ရောဂါများနှင့် စပ်လျဉ်းသည့်ကိစ္စရပ်များကို ဤဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

၂၀။ ခုခံအားကျဆင်းမှုရောဂါနှင့် စပ်လျဉ်း၍ ကြိုတင်ကာကွယ်ခြင်း၊ ရောဂါကူးစက်ပျံ့နှံ့မှုကို ကာကွယ်နှိမ်နင်းခြင်း၊ လိုအပ်သော စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ခြင်းတို့ကို ကျန်းမာရေးဝန်ကြီးဌာနက သီးခြားထုတ်ပြန်သောအမိန့်၊ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ရမည်။

၂၁။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ဆောင်ရွက်နိုင်ရန်—

(က) ကျန်းမာရေးဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်၊

(ခ) ကျန်းမာရေးဝန်ကြီးဌာန သို့မဟုတ် ကျန်းမာရေးဦးစီးဌာနသည် လိုအပ်သော အမိန့်၊ ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

၂၂။ အောက်ပါဥပဒေများကို ဤဥပဒေဖြင့်ရုပ်သိမ်းလိုက်သည်—

(က) The Epidemic Diseases Act, 1897.

(ခ) The Vaccination Act, 1909.

(ပုံ) သန်းရွှေ

ဗိုလ်ချုပ်မှူးကြီး

ဥက္ကဋ္ဌ

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့

ပြည်ထောင်စုမြန်မာနိုင်ငံတော်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

# ကူးစက်ရောဂါများကာကွယ်နှိမ်နင်းရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေ

၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလ [illegible] ရက်

ပြည်ထောင်စုမြန်မာနိုင်ငံတော်

## နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

## ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေးဥပဒေကို

## ပြင်ဆင်သည့်ဥပဒေ

(နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

ဥပဒေအမှတ် ၁၆/ ၂၀၁၁)

၁၃၇၂ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၈ ရက်

(၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေးဥပဒေတွင် ပါရှိသော "အဓိက ကူးစက်မြန်ရောဂါ" ဆိုသည့် စကားရပ်အသီးသီးတွင် "အဓိက" ဆိုသည့် စကားရပ်ကို ပယ်ဖျက်ရမည်။

၃။ ကူးစက်ရောဂါများကာကွယ်နှိမ်နင်းရေး ဥပဒေပုဒ်မ ၂ တွင်-

(က) ပုဒ်မခွဲ (က) ၌ပါရှိသော "တိရစ္ဆာန်မှ လူသို့လည်းကောင်း" ဆိုသည့် စကားရပ်၏ နောက်၌ "သွေးနှင့် သွေးထွက် ပစ္စည်းမှတစ်ဆင့် လူသို့လည်းကောင်း၊လူ့အသုံးအဆောင် ပစ္စည်းမှတစ်ဆင့် လူသို့ လည်းကောင်း၊အစားအသောက်မှ တစ်ဆင့် လူသို့လည်းကောင်း၊ ခြင်၊ ယင်၊ လှေး စသည့် ပိုးမွှားကောင်များမှတစ်ဆင့် လူသို့လည်းကောင်း" ဆိုသည့် စကားရပ်ကို ဖြည့်စွက်ရမည်၊

(ခ) ပုဒ်မခွဲ (ခ) ၌ပါရှိသော "ခုခံအားကျဆင်းမှုရောဂါ" ဆိုသည့် စကားရပ်၏ နောက်တွင် "၊ကူးစက်မြန်ပြင်းထန် အဆုတ်ရောင်ရောဂါ (SARS) နှင့် ကြက်ငှက်တုပ်ကွေး ရောဂါ" ဆိုသည့် စကားရပ်ကို ဖြည့်စွက်ရမည်။

(ဂ) ပုဒ်မခွဲ (ဃ) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ဃ) အညစ်အကြေး ဆိုသည်မှာ အမှိုက်သရိုက်၊ အကြွင်းအကျန်၊ ရေပုပ်၊ ရေဆိုး၊ တိရစ္ဆာန်

ပြည်ထောင်စုမြန်မာနိုင်ငံတော်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

**ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေးဥပဒေကို**

**ပြင်ဆင်သည့်ဥပဒေ**

(နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥပဒေ

အမှတ် ၁၁ / ၂၀၁၁ )

၁၃၇၂ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၂ ရက်

(၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေးဥပဒေတွင် ပါရှိသော "အဓိက ကူးစက်မြန်ရောဂါ" ဆိုသည့် စကားရပ်အသီးသီးတွင် "အဓိက" ဆိုသည့် စကားရပ်ကို ပယ်ဖျက်ရမည်။

၃။ ကူးစက်ရောဂါများကာကွယ်နှိမ်နင်းရေး ဥပဒေပုဒ်မ ၂ တွင်-

(က) ပုဒ်မခွဲ (က) ၌ပါရှိသော "တိရစ္ဆာန်မှ လူသို့လည်းကောင်း" ဆိုသည့် စကားရပ်၏ နောက်၌ "၊သွေးနှင့် သွေးထွက်ပစ္စည်းမှတစ်ဆင့် လူသို့လည်းကောင်း၊လူ့အသုံးအဆောင်ပစ္စည်းမှတစ်ဆင့် လူသို့ လည်းကောင်း၊အစားအသောက်မှတစ်ဆင့် လူသို့လည်းကောင်း၊ ခြင်၊ ယင်၊ လှေး စသည့် ပိုးမွှားကောင်များမှတစ်ဆင့် လူသို့လည်းကောင်း" ဆိုသည့် စကားရပ်ကို ဖြည့်စွက်ရမည်။

(ခ) ပုဒ်မခွဲ (ခ) ၌ပါရှိသော "ခုခံအားကျဆင်းမှုရောဂါ" ဆိုသည့် စကားရပ်၏ နောက်တွင် "၊ကူးစက်မြန်ပြင်းထန် အဆုတ်ရောင်ရောဂါ (SARS) နှင့် ကြက်ငှက်တုပ်ကွေး ရောဂါ" ဆိုသည့် စကားရပ်ကို ဖြည့်စွက်ရမည်။

(ဂ) ပုဒ်မခွဲ (ဃ) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ဃ) အညစ်အကြေး ဆိုသည်မှာ အမှိုက်သရိုက်၊ စားကြွင်းစားကျန်၊ ရေပုပ်၊ ရေသိုး၊ တိရစ္ဆာန်

အသေကောင်၊ စက်ရုံ၊ အလုပ်ရုံများမှ စွန့်ထုတ်သည့် အမှုန်၊ အခိုးအငွေ့၊ ဇီဝပစ္စည်း၊ ဓာတုပစ္စည်းနှင့် အဏုမြူဓာတ်ကြွပစ္စည်းများ၊ လူနှင့် တိရစ္ဆာန်တို့မှ ထွက်ရှိသော သွေး၊ သလိပ်၊ ပြည်၊ တံတွေး၊ ဆီး၊ မစင်နှင့် ခန္ဓာကိုယ် အစိတ်အပိုင်းတို့ကို ဆိုသည်။”

(ဃ) ပုဒ်မခွဲ (င) ကို အောက်ပါအတိုင်း အစားထိုးရမည်-

“(င) **အစားအသောက်** ဆိုသည်မှာ လူတို့အသင့် စားသုံးနိုင်သော၊ သောက်သုံးနိုင်သော သို့မဟုတ် ဝါးထွေးနိုင်သော ပစ္စည်းကိုဆိုသည်။ ယင်းစကားရပ်တွင် စားသုံးခြင်း၊ သောက်သုံးခြင်း သို့မဟုတ် ဝါးထွေးခြင်းပြုလုပ်ရာ၌ အသုံးပြုသော ပစ္စည်းများနှင့် အစားအသောက်ထုတ်လုပ်ရာတွင် ပါဝင်သည့် ကုန်ကြမ်းပစ္စည်းနှင့် ထပ်ဖြည့်ပစ္စည်းတို့လည်း ပါဝင်သည်။”

(င) ပုဒ်မခွဲ (ဆ) ကို အောက်ပါအတိုင်း အစားထိုးရမည်-

“(ဆ) **ကျန်းမာရေးဝန်ထမ်း** ဆိုသည်မှာ ကျန်းမာရေးဝန်ကြီးဌာနနှင့် အခြားအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းအသီးသီးတွင် ပြည်သူ့ကျန်းမာရေးလုပ်ငန်းများကို ဆောင်ရွက်ရန် တာဝန်ပေးအပ်ခြင်းခံရသူကို ဆိုသည်။”

(စ) ပုဒ်မခွဲ (ဇ) ကို အောက်ပါအတိုင်း အစားထိုးရမည်-

“(ဇ) **တိုင်းရင်းဆေးဆရာ** ဆိုသည်မှာ တိုင်းရင်းဆေးကောင်စီဥပဒေအရ မှတ်ပုံတင်ပြီးသော တိုင်းရင်းဆေးပညာ တတ်ကျွမ်းသူတစ်ဦးဦးကို ဆိုသည်။”

(ဆ) ပုဒ်မခွဲ (ဇ) ၏နောက်တွင် ပုဒ်မခွဲ (ဈ)၊ (ည) နှင့် (ဋ) တို့အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

“(ဈ) **ကူးစက်ရောဂါစောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းနှင့် တုံ့ပြန်ဆောင်ရွက်ခြင်း** ဆိုသည်မှာ ကူးစက်ရောဂါ မဖြစ်ပွားစေရေးနှင့်ကူးစက်ရောဂါ

ဖြစ်ပွားပျံ့နှံ့မှုထိန်းချုပ်နိုင်ရေးတို့အတွက် ရောဂါဖြစ်ပွားမှုအခြေအနေများကို သတင်းရယူခြင်း၊ရောဂါဖြစ်ပွားသူနှင့် အနီးကပ်ထိတွေ့သူများအား လိုအပ်သော ကျန်းမာရေးစစ်ဆေးခြင်း၊ ဓာတ်ခွဲစစ်ဆေးခြင်း၊ သီးခြားထားရှိကုသခြင်း၊ လိုအပ်ပါက သေဆုံးသူအား ရင်ခွဲစစ်ဆေးခြင်း၊အသွားအလာ တားမြစ်ပိတ်ပင်ခြင်း သို့မဟုတ် ကန့်သတ်ခြင်းတို့အပါအဝင် ကူးစက်ရောဂါကာကွယ် ကုသနှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းကိုဆိုသည်။

(ည) **သီးခြားထားရှိကုသခြင်း** ဆိုသည်မှာ ရောဂါကူးစက်ပြန့်ပွားမှု မရှိစေရေးနှင့် ကူးစက်ရောဂါဖြစ်ပွားပါက ထိန်းချုပ်နိုင်ရေးတို့အတွက် လူ၊ တိရစ္ဆာန်တို့ကို သီးခြားထားရှိကုသခြင်းနှင့် ယာဉ်နှင့် အခြားပစ္စည်းတို့ကို သီးသန့်ခွဲခြားထားရှိစေခြင်းတို့ကို ဆိုသည်။

(ဋ) **အသွားအလာ တားမြစ်ပိတ်ပင်ခြင်း သို့မဟုတ် ကန့်သတ်ခြင်း** ဆိုသည်မှာ ရောဂါပြန့်ပွားမှုမရှိစေရေးနှင့် ထိန်းချုပ်နိုင်ရေးတို့အတွက် လိုအပ်ပါက လူ၊ တိရစ္ဆာန်နှင့် ယာဉ်များ၏ အသွားအလာကို တားမြစ်ပိတ်ပင်ခြင်း သို့မဟုတ် ကန့်သတ်ခြင်းကို ဆိုသည်။"

၄။ ကူးစက်ရောဂါများကာကွယ်နှိမ်နင်းရေး ဥပဒေအခန်း (၂) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"အခန်း (၂)

**ကြိုတင်ကာကွယ်ခြင်းနှင့် တုံ့ပြန်ဆောင်ရွက်ခြင်း**

၃။ (က) ကျန်းမာရေးဦးစီးဌာနသည် ကူးစက်ရောဂါဖြစ်ပွားခြင်းမှ ကြိုတင်ကာကွယ်နိုင်ရန် အောက်ပါ လုပ်ငန်းများကို ကျန်းမာရေး

ဝန်ကြီးဌာန၏ လမ်းညွှန်ချက်နှင့်အညီ စနစ်တကျအကောင်အထည်ဖော် ဆောင်ရွက်ရမည်-

(၁) ကလေးသူငယ်များအား ကာကွယ်ဆေးထိုးခြင်းနှင့် ကာကွယ်ဆေးတိုက်ကျွေးခြင်း၊

(၂) လိုအပ်ပါက အရွယ်ရောက်သူများကိုပါ ကာကွယ်ဆေးထိုးခြင်းနှင့် ကာကွယ်ဆေးတိုက်ကျွေးခြင်း၊

(၃) ကူးစက်ရောဂါဆိုင်ရာ ကျန်းမာရေးပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(၄) ကူးစက်ရောဂါနှင့် စပ်လျဉ်း၍ စောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းနှင့် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(၅) နိုင်ငံ၏ နယ်စပ်ဖြတ်ကျော်ဝင်ပေါက်နှင့်ထွက်ပေါက်၊ အပြည်ပြည်ဆိုင်ရာလေဆိပ်၊ ရေဆိပ်၊ အခြားလိုအပ်သော လေဆိပ်၊ ရေဆိပ်နှင့် ကားရပ်နားစခန်းများတွင် ကူးစက်ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ကျန်းမာရေး စစ်ဆေးမှုလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(၆) နေအိမ်အဆောက်အအုံ၊ ဟိုတယ်၊ မိုတယ်နှင့် တည်းခိုခန်းများတွင် အသွားအလာ တားမြစ်ပိတ်ပင်ခြင်း သို့မဟုတ် ကန့်သတ်ခြင်း၊

(၇) ကူးစက်ရောဂါဖြစ်ပွားသူ သို့မဟုတ် ကူးစက်ရောဂါဖြစ်ပွားနေသည်ဟု သံသယရှိသူများအား သီးခြားထားရှိ ကုသခြင်း၊

(၈) ကူးစက်ရောဂါအလိုက် လိုအပ်သော ကာကွယ်နှိမ်နင်းရေးအတွက် ဆေးဖျန်းခြင်း၊ ကာကွယ်ဆေးထိုးခြင်း၊ ကာကွယ်ဆေးတိုက်ခြင်းနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်ခြင်း၊

(၉) အများပြည်သူတို့၏ လူမှုရေးနှင့် စီးပွားရေး ဖွံ့ဖြိုးမှုလုပ်ငန်းများကို ဆောင်ရွက်သည့် လုပ်သားများအား ကူးစက်ရောဂါမဖြစ်ပွားစေရေးအတွက် လုပ်ငန်းခွင်တွင်ကျန်းမာရေးနှင့် ညီညွတ်သော နေအိမ်ဆောက်လုပ်ရေး၊ ကျန်းမာရေးနှင့် ညီညွတ်သော သောက်ရေနှင့် သုံးရေရရှိရေး၊ အညစ်အကြေးများ စနစ်တကျစွန့်ပစ်ရေးနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရ အဖွဲ့အစည်းနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများအား အကြံပြုခြင်းနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(၁၀) ကျန်းမာရေးဝန်ကြီးဌာနက အခါအားလျော်စွာ သတ်မှတ်သည့် အခြားလုပ်ငန်းများကို ဆောင်ရွက်ခြင်း။

(ခ) ကူးစက်မြန်ရောဂါ သို့မဟုတ် တိုင်ကြားရမည့် ကူးစက်ရောဂါမှာ တစ်နိုင်ငံမှ တစ်နိုင်ငံသို့ လျင်မြန်စွာ ကူးစက်ပြန့်ပွားစေနိုင်ကြောင်း တွေ့ရှိလျှင် ကျန်းမာရေးဝန်ကြီးဌာနသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ထုတ်ပြန်ထားသည့် အပြည်ပြည်ဆိုင်ရာ ကျန်းမာရေးပြဋ္ဌာန်းချက်များ နှင့်အညီ ဆောင်ရွက်ရမည်။

၄။ အများပြည်သူတို့သည် ကူးစက်ရောဂါဖြစ်ပွားပျံ့နှံ့မှု မရှိစေရေးနှင့် ကူးစက်ရောဂါကာကွယ်နှိမ်နင်းရေးတို့နှင့် စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးဦးစီးဌာန တို့၏ ပုဒ်မ ၃ ပါဆောင်ရွက်ချက်များကို လိုက်နာဆောင်ရွက် ကြရမည်။"

၅။ ကူးစက်ရောဂါများကာကွယ်နှိမ်နင်းရေး ဥပဒေပုဒ်မ ၅ တွင်-

(က) ပုဒ်မခွဲ (င) ကို အောက်ပါအတိုင်းအစားထိုးရမည်-

"(င) ရောဂါကူးစက်စေသည့် သို့မဟုတ် ရောဂါပိုး သယ်ဆောင်သည့် ပိုးမွှားများကင်းစင်စေရန် ဆောင်ရွက်ခြင်း၊"

(ခ) ပုဒ်မခွဲ (ဈ) ၌ပါရှိသော "သံသယဖြစ်ဖွယ်ရာရှိသော အစားအသောက်များ" ဆိုသည့် စကားရပ်၏နောက်တွင် "၊တိရစ္ဆာန်နှင့် တိရစ္ဆာန်မှထွက်ရှိသော ပစ္စည်းများ" ဆိုသည့် စကားရပ်ကို ဖြည့်စွက်ရမည်။

၆။ ကူးစက်ရောဂါများကာကွယ်နှိမ်နင်းရေး ဥပဒေပုဒ်မ ၇ တွင်ပါရှိသော "အစိုးရဌာန" ဆိုသည့် စကားရပ်၏နောက်တွင် "၊အစိုးရအဖွဲ့အစည်း" ဆိုသည့် စကားရပ်ကို ဖြည့်စွက်ရမည်။

၇။ ကူးစက်ရောဂါများကာကွယ်နှိမ်နင်းရေး ဥပဒေပုဒ်မ ၉ ကို အောက်ပါအတိုင်းအစားထိုးရမည်-

"၉။ အိမ်ထောင်ဦးစီး၊ အိမ်ထောင်စုဝင်တစ်ဦးဦး သို့မဟုတ် လုပ်ငန်းရှင်တစ်ဦးဦးသည် အောက်ပါကိစ္စတစ်ရပ်ရပ်ဖြစ်ပွားကြောင်း သိရှိလျှင်သိရှိချင်း အနီးဆုံး ကျန်းမာရေးဌာန သို့မဟုတ် ဆေးရုံသို့ ချက်ချင်းသတင်းပို့ရမည်-

(က) ကြက်ငှက်အပါအဝင် တိရစ္ဆာန်များ အစုလိုက် အပြုံလိုက် သေဆုံးခြင်း၊

(ခ) ကြွက်ကျခြင်း၊

(ဂ) ကူးစက်မြန်ရောဂါဖြစ်သည်ဟု သံသယရှိခြင်း သို့မဟုတ် ယင်းရောဂါဖြစ်ပွားခြင်း၊

(ဃ) တိုင်ကြားရမည့် ကူးစက်ရောဂါဖြစ်ပွားခြင်း။"

၈။ ကူးစက်ရောဂါများကာကွယ်နှိမ်နင်းရေး ဥပဒေပုဒ်မ ၁၀ တွင်ပါရှိသော "ကျန်းမာရေးမှူးများ" ဆိုသည့် စကားရပ်ကို "ကျန်းမာရေးဝန်ထမ်းများ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၉။ ကူးစက်ရောဂါများကာကွယ်နှိမ်နင်းရေး ဥပဒေပုဒ်မ ၁၁ တွင်ပါရှိသော ပုဒ်မခွဲ (ဃ) နှင့် ပုဒ်မခွဲ (င) တို့ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ဃ) အခြားလိုအပ်သော စစ်ဆေးမှုများကို ပြုလုပ်ခြင်း၊

(င) ကူးစက်မြန်ရောဂါဖြစ်သည်ဟု သံသယရှိသည့် တိရစ္ဆာန် သို့မဟုတ် ယင်း တိရစ္ဆာန်ထွက်ပစ္စည်း သယ်ဆောင်လာသောယာဉ်အား ဝင်ထွက်သွားလာခွင့် ပိတ်ပင်တားမြစ်ခြင်း။"

၁၀။ ကူးစက်ရောဂါများကာကွယ်နှိမ်နင်းရေး ဥပဒေပုဒ်မ ၁၃ တွင် "ကျန်းမာရေးဦးစီးဌာန" ဆိုသည့် စကားရပ်၏နောက်၌ "နှင့် ကျန်းမာရေးဝန်ကြီးဌာနတို့" ဆိုသည့် စကားရပ်ကို ဖြည့်စွက်ရမည်။

၁၁။ ကူးစက်ရောဂါများကာကွယ်နှိမ်နင်းရေး ဥပဒေပုဒ်မ ၁၄၊ ပုဒ်မခွဲ(ဃ)၏ နောက်တွင် ပုဒ်မခွဲ (င) အဖြစ် အောက်ပါအတိုင်းဖြည့်စွက်ရမည်-

"(င) ကူးစက်မြန်ရောဂါဖြစ်သည်ဟု သံသယရှိသည့် တိရစ္ဆာန် သို့မဟုတ် ယင်းတိရစ္ဆာန်ထွက်ပစ္စည်းသယ်ဆောင်လာသောယာဉ်အား ဝင်ထွက်သွားလာခွင့်။"

၁၂။ ကူးစက်ရောဂါများကာကွယ်နှိမ်နင်းရေးဥပဒေတွင်-

(က) ပုဒ်မ ၁၅ ကို အောက်ပါအတိုင်းအစားထိုးရမည်-

"၁၅။ မည်သူမဆို ပုဒ်မ ၄ အရ ကျန်းမာရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးဦးစီးဌာနတို့၏ ဆောင်ရွက်ချက်တစ်ခုံတစ်ရာကို လိုက်နာရန်ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ကျပ်ငါးထောင်ထက်မပိုသော ငွေဒဏ်ချမှတ်ရမည်။"

(ခ) ပုဒ်မ ၁၆ ၌ပါရှိသော "ငွေဒဏ်ကျပ် ၁၀၀၀၀ အထိဖြစ်စေ" ဆိုသည့် စကားရပ်ကို "ကျပ်ငါးသောင်းထက်မပိုသော ငွေဒဏ်ဖြစ်စေ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ဂ) ပုဒ်မ ၁၇ ၌ပါရှိသော-

(၁) "အိမ်ထောင်ဦးစီး သို့မဟုတ် အိမ်ထောင်စုဝင်တစ်ဦးဦး" ဆိုသည့် စကားရပ်ကို "အိမ်ထောင်ဦးစီး၊ အိမ်ထောင်စုဝင်တစ်ဦးဦး သို့မဟုတ် လုပ်ငန်းရှင်တစ်ဦးဦး" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ "ကျန်းမာရေးမှူး" ဆိုသည့် စကားရပ်ကို "ကျန်းမာရေးဝန်ထမ်း" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အသီးသီးအစားထိုးရမည်။

(၂) "ငွေဒဏ်ကျပ် ၅၀၀၀ အထိဖြစ်စေ" ဆိုသည့် စကားရပ်ကို "ကျပ်သုံးသောင်းထက်မပိုသော ငွေဒဏ်ဖြစ်စေ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ဃ) ပုဒ်မ ၁၈ ၌ပါရှိသော "ငွေဒဏ်ကျပ် ၁၀၀၀၀ အထိ ဖြစ်စေ" ဆိုသည့် စကားရပ်ကို "ကျပ်ငါးသောင်း ထက်မပိုသော ငွေဒဏ်ဖြစ်စေ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၃။ ကူးစက်ရောဂါများကာကွယ်နှိမ်နင်းရေး ဥပဒေပုဒ်မ ၂၀ တွင်ပါရှိသော "ခုခံအားကျဆင်းမှုရောဂါ" ဆိုသည့် စကားရပ်၏နောက်၌ "၊ကူးစက်မြန်ရောဂါများ" ဆိုသည့် စကားရပ်ကို ဖြည့်စွက်ရမည်။

(ပုံ) သန်းရွှေ
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ